# အိမ်တွင်းမီးဘေးအန္တရာယ်လုံခြုံရေး

## မီးခိုးအချက်ပြသတိပေးသံများ

- မီးခိုးကိုအနံ့ခံရှာဖွေပေးပြီး လွတ်မြောက်ရာသို့ထွက်ပြေးရန်အတွက် သတိပေးသံများကိုပြုလုပ်ပေးသော ကိရိယာဖြစ်သည်။
- အိမ်တိုင်းသည်အထပ်တိုင်းတွင် အနည်းဆုံးမီးခိုးအချက်ပြသတိပေး ကိရိယာတစ်ခုကို ထားရှိသင့်ပါသည်။
- မီးခိုးအချက်ပြသတိပေးကိရိယာကို ဘက်ထရီပြောင်းလဲတပ်ဆင်ပေးသည့် အချိန်မှလွဲ၍ မည်သည့်အချိန်တွင်မျှ ဘက်ထရီကိုအပြင်သို့ မထုတ်ထားပါနှင့်။
- အချို့သောမီးခိုးအချက်ပြသတိပေးကိရိယာများကို ဘက်ထရီလဲပေးရန်လိုအပ်ပါသည်။ အကယ်၍ ကိရိယာသည်အသံမြည်နေပါက၊ ဘက်ထရီကိုလဲပေးပါ။
- သင်၏ မီးခိုးအချက်ပြသတိပေးကိရိယာသည် အသံမြည်ကာသတိပေးခြင်းရှိမရှိဆိုသည်ကို သေချာအောင် လစဉ်လတိုင်းစစ်ဆေးပေးပါ။

## ချက်ပြုတ်ခြင်း

- ချက်ပြုတ်နေစဉ်မကြည့်မရှုပဲပစ်မထားပါနှင့်။
- မီးဖိုကိုသန့်ရှင်းအောင်ထား၍ချက်ပြုတ်ရန်တစ်ခုတည်းအတွက်သာအသုံးပြုပါ။
- ဆီမှတဆင့်မီးလောင်ကျွမ်းမှုဖြစ်ပွားပါက မီးကိုပိတ်လိုက်ပြီး ဒယ်အိုးအားအဖုံးဖုံးပေးလိုက်ပါ။ ထိုမီးကိုငြိမ်းသတ်ရန်ရေကိုအသုံးမပြုပါနှင့်။

## အပူပေးခြင်း

- ပစ္စည်းများကိုအပူပေးကိရိယာများ၏အဝေးတွင်ထားပါ။
- သင်မထွက်ခွာမီ သို့မဟုတ် မအိပ်မီတွင် သယ်ဆောင်သွားလာနိုင်သောအပူပေးကိရိယာများကိုပိတ်ပါ။
- သယ်ဆောင်သွားလာနိုင်သောအပူပေးကိရိယာများကိုအသုံးပြုရာတွင် မီးသွယ်သည့်တဆင့်ခံကြိုးများနှင့်မည်သည့်အခါမျှမသုံးပါနှင့်။

## ကာဗွန်မိုနောက်ဆိုဒ်အဆိပ်သင့်ခြင်း

- အချို့သော ကိရိယာပစ္စည်းများနှင့်စက်များသည် မမြင်နိုင် သို့မဟုတ် အနံ့မရနိုင်သော အဆိပ်ငွေ့များကိုထုတ်လွှတ်ကြပါသည်။
- အောက်ပါတို့ကိုအိမ်တွင်း ၊ဂိုဒေါင်နှင့်အခြားသော အလုံပိတ်နေရာများ သို့မဟုတ် ဖွင့်ထားသောတံခါး၏ အပြင်ဘက်တွင် အသုံးမပြုပါနှင့်။ မီးစက်၊ မီးသွေးအသားကင်စက်၊ အပြင်ထွက်စခန်းချရာတွင်အသုံးပြုသောမီးဖို၊ ယာဉ် သို့မဟုတ ်အခြားဓါတ်ငွေ့သုံးအင်ဂျင်။
- သင်၏အိမ်ကိုအပူပေးရန်အတွက် ဓါတ်ငွေ့သုံးမီးဖိုကို မည်သည့်အခါမျှ အသုံးမပြုပါနှင့်။ တခဏမျှပင်အသုံးမပြုပါနှင့်။

## အကယ်၍မီးလောင်ပါက –

- လူတိုင်းကိုအပြင်သို့ထွက်စေပါ။
- သင့်မိသားစု စုရုံးတွေ့ဆုံမည့် နေရာသို့သွားပါ။
- ၉–၁–၁ အားခေါ်၍ အကူအညီတောင်းခံပါ။
- မည်သည့်အကြောင်းနှင့်မျှမီးလောင်နေသော အိမ် သို့မဟုတ် အဆောင်အအုံအတွင်းသို့ပြန်မသွားပါနှင့်။

## ၉၁၁အားခေါ်သောအခါ –

- ၉–၁–၁ အား အရေးပေါ် အခြေအနေတွင်ခေါ်ပါ။ မီးလောင်၍ဖြစ်စေ၊ ဆေးဝါးဆိုင်ရာအကူအညီလို၍ဖြစ်စေ၊ ရဲကိုခေါ်ရန်အတွက်ဖြစ်စေ ဤနံပါတ်ကိုအသုံးပြုပါ။
- အကယ်၍သင်သည်အင်္ဂလိပ်စကားမပြောပါက၊ စကားပြန်ပြုလုပ်ပေးရန်တယ်လီဖုန်းအော်ပရေတာကိုခေါ်ကြည့်ပါ။
- မည်သည့်အရေးပေါ်ကိစ္စမျိုးဖြစ်ကြောင်းနှင့်မည့်သည့်နေရာတွင်ဖြစ်နေကြောင်းကိုပြောပြရန်အတွက်အဆင်သင့်ပြင်ထားပါ။

| |
|---|
| ကျွန်ုပ်၏လိပ်စာမှာ– |

Burmese / မြန်မာ